Message Two

# ကျွန်ုပ်တို့၏အသီးသီးခြင်းအတွက် သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်တော်၏ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း

ဖတ်ရန်ကျမ်း။ ။ တ၊၂၆း၁၈က။ ၁တိ၊၁း၄၊ ၃း၁၅။ ယော၊၁း၁၄။ ၁ကော၊၁၅း၄၅ခ။ ယော၊၁၅း၄-၅၊ ၁၆၊ ၂၁း၁၅-၁၆

**I. သခင်ဘုရား၏ပြန်လည်ရယူခြင်း၌ ရှိကြသော ကျွန်ုပ်တို့၌ ဘုရားသခင့်စီမံကိန်း၏ရူပါရုံ ရှိရမည် - တ၊၂၆း၁၈က။ သု၊ ၂၉း၁၈က။**

A. ကျွန်ုပ်တို့သည် အမည်ခံဝိညာဉ်ဆိုင်ရာနယ်ပယ်ထဲသို့ မဟုတ်ဘဲ၊ ဘုရားသခင့်စီမံကိန်း၏နယ်ပယ် ဖြစ်သည့် နောက်ထပ် နယ်ပယ်ထဲသို့ ခေါ်ဆောင်ခံရရန် လိုအပ်သည် - ဗျာ၊၂၁း၉-၁၀။

B. ကျွန်ုပ်တို့သည် ဤရူပါရုံအားဖြင့် အုပ်စိုးခြင်း၊ ထိန်းချုပ်ခြင်းနှင့် ညွှန်ကြားခြင်းကို ခံရန် လိုအပ်သည် - သု၊၂၉း၁၈က။

C. ကျွန်ုပ်တို့သည် ဘုရားသခင့်စီမံကိန်း၏ ရူပါရုံ၌ သန့်စွမ်းခြင်းနှင့် ခိုင်မာခြင်း ရှိကြရမည် - ဗျာ၊၄း၁၁။ ၁ကော၊၁၅း၅၈။

D. ကျွန်ုပ်တို့သည် သခင်ဘုရားနှင့် ကိုယ်တော်၏ပြန်လည်ရယူခြင်းကို ချစ်မြတ်နိုးပြီး ပြန်လည်ရယူခြင်း၌ အသင်းတော် အသက် တာကို လက်တွေ့အသက်ရှင်ရန် အလေးအနက်ထားပါက၊ ဘုရားသခင့်စီမံကိန်း၏ ရူပါရုံ အလုံးစုံကို သိမြင်စေခြင်းငှာ ကြိုး ပမ်းအားထုတ်ရန် လိုအပ်သည် - ဧ၊၂၉း၁၃၊ ၃၃း၃။ တရား၊၂၉း၂၉။

E. ကျွန်ုပ်တို့သည် ဘုရားသခင့် စီမံကိန်း၏ ကောင်းကင်ဆိုင်ရာရူပါရုံနှင့်လည်းကောင်း၊ ဘုရားသခင့် စီမံကိန်း၏ အမှတ်အသား နှင့်လည်းကောင်း၊ ဘုရားသခင်၏ စီမံကိန်းပန်းတိုင်နှင့်လည်းကောင်း သက်ဆိုင်သော သမ္မာတရား၌ လျှောက်လှမ်းကြရမည်။ ဤရူပါရုံသည် ကျွန်ုပ်တို့၏အသက်တာ၊ အလုပ်နှင့် လှုပ်ရှားလုပ်ဆောင်မှု၌ ထိန်းချုပ်ပေးသော ရူပါရုံ ဖြစ်စေခြင်းငှာ ကျွန်ုပ် တို့၌ တစ်နေ့ပြီးတစ်နေ့ အသစ်ပြုပြင်ခြင်းကို ခံရမည် - သု၊၂၉း၁၈က။ တ၊၂၆း၁၆-၁၉။ ၁ယော၊၁း၇။ ၃ယော၊၃-၄။

**II. ဘုရားသခင်၏စီမံကိန်း ဆိုသည်မှာ ဘုရားသခင်၏အိမ်ထောင်စု စီမံခန့်ခွဲမှု ဖြစ်၍၊ ယင်းမှာ ကိုယ်တော်သည် မိမိကိုယ်ကို ထင်ရှား ဖော်ပြရန် အိမ်ကို ရရှိစေခြင်းငှာ ခရစ်တော်၌ မိမိကိုယ်တော်တိုင်ကို မိမိ၏ရွေးချယ်ခံနှင့် ရွေးနုတ်ခံလူများအထဲသို့ ဝေငှဖြန့်ဖြူး ပေးခြင်း ဖြစ်သည်၊ ထိုအိမ်သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ အသင်းတော် ဖြစ်သည် - ၁တိ၊၁း၄၊ ၃း၁၅။**

A. ကိုယ်တော်၏အိမ်ထောင်စု စီမံခန့်ခွဲမှု တည်းဟူသော ဘုရားသခင်၏စီမံကိန်း ဆိုသည်မှာ ကိုယ်တော်၏သားတော်အတွက် ကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ရန်နှင့် စေ့စပ်ထုံးဖွဲ့ရန် ဖြစ်သည် - ဧ၊၁း၂၂-၂၃၊ ၂း၁၆၊ ၃း၆၊ ၄း၄၊ ၁၆၊ ၅း၃၀။

B. သမ္မာကျမ်းစာ၏ အဓိကအကြောင်းအရာမှာ ဘုရားသခင်၏စီမံကိန်း ဖြစ်ပြီး၊ သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဘုရားသခင်၏ စီမံကိန်းနှင့်ပတ်သက်မှု ရှိသည် - ၁တိ၊၁း၄။ ဧ၊၁း၁၀။

C. ခရစ်တော်သည် ဘုရားသခင့် ထာဝရစီမံကိန်း၏ ဒြပ်သဘာဝ၊ အဝန်းအဝိုင်း၊ နည်းလမ်း၊ ပန်းတိုင်နှင့် ရည်မှန်းချက် ဖြစ်တော် မူသည်။ ကိုယ်တော်သည် ဘုရားသခင်၏စီမံကိန်း၌ အရာခပ်သိမ်း ဖြစ်တော်မူသည် - မ၊၁၇း၅။ လု၊၂၄း၄၄။

D. ဘုရားသခင်၏စီမံကိန်း ဆိုသည်မှာ မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးပေးခြင်းဖြင့် ကျွန်ုပ်တို့၏ ဖြစ်ခြင်းသည် ကိုယ်တော်၏ဖြစ်ခြင်းဖြင့် စေ့စပ်ထုံးဖွဲ့ခံရန် ဖြစ်သည်။ ဤအရာကို ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို ဘုရားဆိုင်ရာအသက်အဖြစ် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးခြင်းအားဖြင့်သာလျှင် ပြီးမြောက်စေနိုင်သည် - ဧ၊၃း၁၆-၁၇ခ။ ရော၊၈း၂၊ ၆၊ ၁၀-၁၁။

E. ဘုရားသခင်၏စီမံကိန်း ဆိုသည်မှာ ဘုရားသခင်သည် အသက်အဖြစ် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်ရန်နှင့် ကျွန်ုပ်တို့အထဲသို့ ဘုရားကို ဝေငှဖြန့်ဖြူးပေးရန် အသွေးအသား ဖြစ်လာခြင်း၊ လူသားအသက်ရှင်ခြင်းကို ဖြတ်ကျော်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန် ထမြောက်ခြင်းနှင့် အသက်ပေးသောဝိညာဉ်တော် ဖြစ်လာခြင်း ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ် တည်း ဟူသော အဆုံးစွန်စုပေါင်းခြင်း ဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်၊ ဘုရားသခင်၏အိမ်တော်၊ ဘုရားသခင်၏ နိုင်ငံတော် နှင့် ခရစ်တော်၏အဖော်အဖက် ဖြစ်သော အသင်းတော်ကို ထုတ်လုပ်ခြင်းအတွက် ပုံသဏ္ဌာန်ပြောင်းလဲခြင်း ခံရမည်ဖြစ်သည် - ယော၊၁း၁၄၊ ၂၉၊ ၁၂း၂၄၊ ၂၀း၂၂၊ ၁၄း၂၊ ၃း၃၊ ၅၊ ၂၉-၃၀။ ဗျာ၊၂၁း၂။

F. ဘုရားသခင်၏စီမံကိန်း ဆိုသည်မှာ ဘုရားသခင်သည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ရှင်သန်သော ခရစ်တော် ၏ကိုယ်ခန္ဓာတော်ကို ထုတ်လုပ်ရန် လူဖြစ်လာခြင်းဖြင့် လူသည် ဦးခေါင်းတော်အရာ၌ မဟုတ်ဘဲ အသက်နှင့် သဘော

သဘာဝ၌ ဘုရား ဖြစ်လာခြင်း ဖြစ်သည် - ရော၊၈း၃၊ ၁း၃-၄၊ ၁၂း၄-၅။ ဗျာ၂၁း၁၀။

G. ဘုရားသခင်၏စိတ်နှလုံး အလိုဆန္ဒအတိုင်း ဖြစ်သော ကိုယ်တော်၏ထာဝရစီမံကိန်း ဆိုသည်မှာ လူကို ဦးခေါင်းတော်အရာ၌ မဟုတ်ဘဲ အသက်နှင့် သဘောသဘာဝ၌ ကိုယ်တော်ကဲ့သို့ တူညီစေရန်၊ မိမိကိုယ်ကို လူနှင့် တစ်လုံးတစ်ဝ ဖြစ်စေရန်နှင့် လူကို မိမိနှင့် တစ်လုံးတစ်ဝဖြစ်စေဖို့ ဖြစ်သည်၊ ထိုသို့ဖြင့် ကိုယ်တော်၏ထင်ရှားခြင်း၌ ကြီးမားကျယ်ပြန့်လာ၍ ကိုယ်တော်၏ ဘုရားဆိုင်ရာ ဂုဏ်အင်္ဂါအားလုံးသည် လူသားကောင်းမြတ်ခြင်းများ၌ ထင်ရှားနိုင်မည်ဖြစ်သည် - ယော၊၁း၁၂-၁၄။ ၁ယော၊ ၃း၁က၊ ၂။ ၂ပေ၊၁း၄။

H. ဘုရားသခင့် စီမံကိန်းအမှတ်အသား၊ ဘုရားသခင့် စီမံကိန်း၏ မဟာဗျူဟာမြောက်ပြီး အဓိကကျသော အချက်မှာ ကျွန်ုပ်တို့၏ဝိညာဉ်၊ ရောနှောပေါင်းစည်းထားသော ဝိညာဉ်၌ ရှိသော ဝိညာဉ်တော် တည်းဟူသော အတွင်း၌ ကိန်းဝပ်သည့်၊ အတွင်းကျသော ခရစ်တော် ဖြစ်တော်မူသည် - ၂ကော၊၃း၁၇။ ၂တိ၊၄း၂၂။ ရော၊၈း၁၆။ ၁ကော၊၆း၁၇။

1. ကျွန်ုပ်တို့သည် အခြားအရာများကို အာရုံမစိုက်ဘဲ ကျွန်ုပ်တို့၏လူသားဝိညာဉ်၌ ရှိသည့် အရာအားလုံးပါဝင်သော ဘုရားဆိုင်ရာ ဝိညာဉ်တော်ကို အာရုံစူးစိုက်ကြရမည်၊ သို့မှသာ ဘုရားဆိုင်ရာ စီမံကိန်း၏ပစ်မှတ်လွဲချော်ခြင်းမှ စောင့်ထိန်းခံရမည်ဖြစ်သည် - ၁တိ၊၁း၆။ မာလ၊၂း၁၅-၁၆။ ရော၊၁း၉၊ ၈း၄၊ ၆။ ဂလ၊၅း၂၅။ ဖိ၊၃း၃။ ၂ကော၊၂း၁၃။

2. ဘုရားသခင့် မူလအကြံအစည်တော်၏ “ပုံစံပြ” တွင်၊ လူသည် စကြဝဠာတစ်ခုလုံး၏အလယ်ဗဟို ဖြစ်ပြီး၊ လူ၏ အလယ်ဗဟိုသည် သူ၏ဝိညာဉ် ဖြစ်သည် - က၊၂း၇။ သု၊၂၀း၂၇။

**III. မိမိကိုယ်တော်တိုင်ကို လူအထဲသို့ လုပ်ဆောင်သည့် ဘုရားသခင်၏စီမံကိန်း ပြီးမြောက်စေရန်အလို့ငှာ၊ ဘုရားသခင်သည် ဝေငှဖြန့်ဖြူးပေးသော နည်းလမ်းများကို ဖြတ်ကျော်ရသည် -**

A. ပထမအဆင့်မှာ အသွေးအသားနှင့် လူသားတစ်ဦး ဖြစ်လာသည့် ဘုရားသခင်အားဖြင့် - ယော၊၁း၁၄။

1. ဘုရားသခင်၏သိုးသငယ်အဖြစ် - အငယ်၊၂၉။
2. ကြေးဝါမြွေရုပ်အဖြစ် - ၃း၁၄။
3. ဂျုံစပါးမျိုးစေ့အဖြစ် - ၁၂း၂၄။

B. ဒုတိယအဆင့်မှာ အသက်ပေးသော ဝိညာဉ်တော် ဖြစ်လာသည့် နောက်ဆုံးသော အာဒံအားဖြင့် - ၁ကော၊၁၅း၄၅ခ။

1. ကိုယ်တော် အသွေးအသားဖြစ်လာခြင်းမှာ ရွေးနုတ်ခြင်းကို ပြီးမြောက်စေခြင်းနှင့် ဘုရားအသက်ကို လွတ်မြောက်စေခြင်းအတွက် ဖြစ်သည်။
2. ကိုယ်တော် အသက်ပေးသော ဝိညာဉ်တော် ဖြစ်လာခြင်းမှာ လူ၏အသက် ဖြစ်ရန် လူအထဲသို့ မိမိကိုယ်တော်တိုင်ကို ဝိညာဉ်တော်အဖြစ် ဝေငှဖြန့်ဖြူးပေးခြင်းအတွက် ဖြစ်သည်။
   a. ကျွန်ုပ်တို့၏ဝိညာဉ်ကို အသစ်တစ်ဖန်မွေးဖွားရန် - ယော၊၃း၅-၆။
   b. ကျွန်ုပ်တို့၏စိတ်ကို ပုံသဏ္ဌာန်ပြောင်းလဲရန် - ရော၊၁၂း၂။
   c. ကျွန်ုပ်တို့၏ခန္ဓာများကို ဘုန်းထင်ရှားစေရန် - ၈း၁၇၊ ၂၃။ ဖိ၊၃း၂၁

**IV.ဘုရားသခင်၏ဝေငှဖြန့်ဖြူးပေးခြင်းကို ယုံကြည်သူများ၏တွေ့ကြုံခံစားခြင်း။**

A. သူတို့၏အသက် ကြီးထွားမှု၌ ယုံကြည်သူများအဖို့ မစရာအဖြစ် -

1. ယုံကြည်သူများသည် သူတို့၏ဖြစ်ခြင်းများ၌ ဘုရားဆိုင်ရာ ဒြပ်သဘာဝ တိုးပွားခြင်းအားဖြင့် ကြီးထွားကြသည် - ကော၊ ၂း၁၉။
2. ဘုရားသခင်ကို စားသုံးခြင်း၊ သောက်သုံးခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းမှတစ်ဆင့် - က၊၂း၉။ ထွ၊၁၂း၁-၂၈၊ ၁၇း၆။ ယောရှ၊၅း၁၂။
3. သခင်ဘုရားကို စားသုံးခြင်းအားဖြင့်၊ သခင်ဘုရားသည် ယုံကြည်သူများ၏စေ့စပ်ထုံးဖွဲ့မှု၊ မစရာနှင့် အာဟာရ ဖြစ်လာရန် သူတို့အတွင်း၌ ရောနှောပေါင်းစည်းခြင်းနှင့် အစာကြေခြင်း ရှိပြီး၊ သူတို့သည် သခင်ဘုရားအားဖြင့် အသက်ရှင်နိုင်စွမ်း ရှိကြလိမ့်မည် - ယော၊၆း၅၇။

B. သူတို့၏အသက်ရှင်ခြင်း၌ ယုံကြည်သူများအဖို့ မစရာအဖြစ် -

1. ခရစ်တော်သည် ကျွန်ုပ်တို့၌ အသက် ဖြစ်စေရန်နှင့် ကျွန်ုပ်တို့ထဲမှ အသက်ရှင်ထွက်ရန်မှာ ဘုရားသခင်၏ အလိုဆန္ဒ ဖြစ်သည်။ ခရစ်ယာန်အသက်ရှင်ခြင်းသည် ခရစ်တော်ကို အသက်ရှင်ပြီး ခရစ်တော်ကို ကြီးမားထင်ရှားသော အသက်ရှင်ခြင်း ဖြစ်သည် - ဂလ၊၂း၂၀။ ဖိ၊၁း၂၀ခ-၂၁။
2. ကျွန်ုပ်တို့၏နေ့စဉ်အသက်ရှင်ခြင်း၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ရှင်ခြင်း၌ ကယ်တင်ခံရရန် ယေရှုခရစ်၏ ဝိညာဉ်တော် ကြွယ်ဝစွာ မစထောက်ပံ့မှုကို လိုအပ်ပါသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ရှက်ကြောက်ခြင်း မရှိဘဲ၊ ခရစ်တော်အတွက် သက်သေခံချက်ကို ဆုံးရှုံးရခြင်း မရှိပေမည် - အငယ်၊၁၉-၂၀က။
3. ယေရှုခရစ်၏ဝိညာဉ်တော် ကြွယ်ဝစွာ မစထောက်ပံ့မှုကို ကျွန်ုပ်တို့ မွေ့လျော်ဝမ်းမြောက်ရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် -
    a. သခင်ဘုရားကို ကျွန်ုပ်တို့၏စိတ်နှလုံး အကြွင်းမဲ့ ချစ်ရန် - ၂ကော၊၅း၁၄
    b. အချိန်တိုင်း ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ရန်နှင့် ကျွန်ုပ်တို့၏အသိဉာဏ်ကို ဝိညာဉ်တော်အပေါ်ထားရှိခြင်း အားဖြင့် ကိုယ်တော်၌ မရပ်မနား တည်နေရမည် - ၁ယော၊၁း၃။ ယော၊၁၅း၅။ ရောမ၊၈း၆။
    c. ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆုတောင်းဖတ်ရန် - ဧ၊၆း၁၇-၁၈။ ယော၊၆း၆၃။
    d. အချိန်တိုင်း ဝိညာဉ်၌ ဆုတောင်းရန် - ဧ၊၆း၁၈။
    e. ဝိညာဉ်တော်၏အရှိန်ကို မငြိမ်းစေရန် - ၁သက်၊၅း၁၉။
    f. ဝိညာဉ်၌ သုံးပါးတစ်ပါးဘုရားအားဖြင့် ဖြည့်ခြင်းခံရန် - ဧ၊၅း၁၈။
    g. ဝိညာဉ်အတိုင်းသာ လျှောက်လှမ်းရန် လိုအပ်သည် - ရော၊၈း၄။

C. သူတို့၏ဇေဝဂေလိတရားနှင့် အလုပ်၌ ယုံကြည်သူများအဖို့ မစရာအဖြစ် -
1. ခရစ်ယာန်အလုပ်သည် ဝေငှဖြန့်ဖြူးပေးသည့် အကြောင်းအရာ ဖြစ်သည်။
2. ဘုရားဆိုင်ရာအသက်၏ ပြီးမြောက်ပြည့်စုံသော ဝိညာဉ်တော် တည်းဟူသော ခရစ်တော်သည် ယုံကြည်သူများကို မိမိကိုယ်တော်တိုင်ဖြင့် ရေလောင်းပေးရန် အသက်ရေ (ယော၊၄း၁၀၊ ၁၄)၊ ယုံကြည်သူများကို ကျွေးမွေးရန် အသက်မုန့် (၆း၄၉-၅၁၊ ၆၃) နှင့် ယုံကြည်သူများ၏အတွင်းအစိတ်အပိုင်းများမှ စီးထွက်ရန် ပြီးမြောက်ပြည့်စုံသော၊ အရာအားလုံးပါဝင်သော၊ ပေါင်းစည်းထားသော ဝိညာဉ်တော် ဖြစ်တော်မူသည် (၇း၃၈-၃၉)။
3. ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးပေးခြင်းသည် ယုံကြည်သူများအား မှန်သော စပျစ်နွယ်ပင် တည်းဟူသော ခရစ်တော်၏ အကိုင်အခက်များ ဖြစ်စေခြင်းဖြင့် ဘုရားဆိုင်ရာအသက်၏ ြြွကယ်ဝခြင်းများကို အခြားသူများအထဲသို့ ဝေငှဖြန့်ဖြူးပေးခြင်းအားဖြင့် အသီးသီးစေရန် ဖြစ်သည် - ယော၊၁၅း၄-၅၊ ၁၆။
4. ဘုရားဆိုင်ရာ ဝေဌာဖြန့်ဖြူးပေးခြင်းသည် သိုးသငယ်များကို ကျွေးမွေးရန်နှင့် သိုးများကို ထိန်းကျောင်းရန် ယုံကြည်သူများအဖို့ မစထောက်ပံ့မှု ဖြစ်လာသည် - ၂၁း၁၅-၁၆။